# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# သတ္တမနေ့အစီအစဉ်

# [ ၃-၈-၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက် ဈေးဟောင်းအနီးရှိ ဥသြဘာသ ခန်းမကြီး ပြိုကျပျက်စီးခဲ့ပါသဖြင့် ခန်းမအဟောင်းနေရာတွင် ခရိုင်မြို့ကြီး၏ အင်္ဂါရပ်နှင့်ညီမျှသော ခန်းမအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ခယက၊ မယက၊ ပြည်နိုင်ဖြိုးအမည်များဖြင့် အသီးသီးရယူထားသော မြေပုံမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၄) သိုင်းဖျိုက်ကွင်း မြေဧက (၂၀)မှ ဘိုးဘွားပိုင်မြေဟု တိုင်ကြားခဲ့သည့်မြေ (၃.၁၆) ဧကကို လယ်ယာမြေပုံစံ(၇) ထုတ်ပေးခဲ့ပြီး ကျန်မြေ (၁၆.၈၄) ဧကအား ဒေသခံများ အကျိုးအတွက် အသုံးပြုခွင့်ရရှိနိုင်အောင် မည်သို့လုပ်ဆောင်ရမည်တို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရက တာဝန်ယူ စစ်ဆေးပေးသော ဓာတုဗေဒဓာတ်ခွဲခန်းများကို ယခုထက်ပိုမို မှန်ကန်သော၊ တာဝန်ယူမှု အပြည့်အဝရှိသော အဂတိလိုက်စားမှု မရှိသော ဓာတုဗေဒ စမ်းသပ်ဓာတ်ခွဲခန်းများအဖြစ် စီစဉ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်လွင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်၏ **တရားရုံးများ၌ တရားစီရင်ရာမှာ စိတ်ဝင်စားသော ပြည်သူများ ဝင်ရောက်နားထောင်ရာတွင် တားဆီး သူများအား အရေးယူရန် အစီအစဉ်ရှိ၊ မရှိနှင့် တရားရုံးများတွင် ရေးသားလျှောက်လဲချက်ကို လက်ခံနေခြင်းသည် ဥပဒေကို ဆန့်ကျင် နေပါသဖြင့် ရပ်ဆိုင်းရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်က **"အစိုးရသစ်၏ လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေး တို့အား အဟန့်အတား အနှောင့်အယှက် ဖြစ်နေသော မူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။